ဤအမှတ်အသားများကို မည်သူတို့ အသုံးပြုနိုင်ပါသနည်း။

ဤအမှတ်အသားများကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ခရေဂုခုနှစ် ဇီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏နောက်ဆက်တွဲ သဘောတူညီချက်များတွင်လည်း ကောင်း၊ ပြည်တွင်းဥပဒေများတွင်လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ငြိမ်းချမ်းစဉ်ကာလနှင့် လက်နက်ကိုင်ပဋိပက္ခကာလ နှစ်မျိုးလုံးတွင် ယင်းအမှတ်အသားများကို မှန်မှန်ကန်ကန် အသုံးပြုကြစေရန် နိုင်ငံအစိုးရများ၌ တာဝန်ရှိပါသည်။ နိုင်ငံအများစုတွင် ယင်းအမှတ်အသားများကို အသုံးပြုမှုနှင့်စပ်လျဉ်း၍ စည်းကမ်းသတ်မှတ်ပေးသည့် ပြည်တွင်းစည်းမျဉ်းများကို ပြည်တွင်းဥပဒေများ၌လည်း ထည့်သွင်းထားကြပါသည်။

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေချိန်တွင် ဤအမှတ်အသားများကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် အသုံးပြုရန် အောက်ပါစည်းမျဉ်းများက ခွင့်ပြုထားပါသည်-

- လက်နက်ကိုင်တပ်ဖွဲ့များ၏ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ အဆောက်အအုံများနှင့် ယာဉ်များ၊
- အရပ်ဘက်ဆေးဝန်ထမ်းများ၊ ဆေးရုံများနှင့် အစိုးရအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် ဒဏ်ရာရသူများနှင့် ဖျားနာနေသူများကို ကုသရန်နှင့် စောင့်ရှောက်ရန် တာဝန်ပေးထားသော အရပ်ဘက်ဆေးအဖွဲ့များ။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)တို့သည် ဤအမှတ်အသားများကို အမြဲတစေ အသုံးပြုခွင့် ရှိပါသည်။

ငြိမ်းချမ်းစဉ်ကာလတွင် အမျိုးသားကြက်ခြေနှင့်လခြမ်းနီအသင်းများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC) တို့ကိုလည်း ဤလှုပ်ရှားမှုနှင့် ဆက်နွယ်ကြောင်းပြသရန်အတွက် ယင်းတို့၏တံဆိပ်များတွင် ဤအမှတ်အသားများကို ထည့်သွင်းဖော်ပြရန် ဥပဒေက ခွင့်ပြုထားပါသည်။

ငြိမ်းချမ်းစဉ်ကာလတွင် ဒဏ်ရာရသူများနှင့် နာမကျန်းဖြစ်သူများအား အခမဲ့ကုသပေးရန်အတွက်သာ တာဝန်ပေးထားသည့် လူနာတင်ယာဉ်များနှင့် ရွေးဦးပြစုရေးစခန်းများကိုလည်း ပြည်တွင်းဥပဒေနှင့် အမျိုးသားအသင်း၏ ခွင့်ပြုချက်တို့နှင့်အညီ ဤအမှတ်အသားကို အသုံးပြုဖော်ပြရန် ခွင့်ပြုထားပါသည်။

ဤအမှတ်အသားများကို အသုံးပြုခွင့်မရှိသူများက ရံဖန်ရံခါအသုံးပြုတတ်ကြသည်။ ဥပမာ -

- ဆရာဝန်များက မိမိတို့၏ ဆေးခန်းများတွင် ဤအမှတ်အသားကို တပ်ဆင်အသုံးပြုကြသည်၊
- ဆေးအရောင်းဆိုင်က ကြက်ခြေနီ သို့မဟုတ် လခြမ်းနီကို ဆိုင်ရှေ့တွင် အမှတ်လက္ခဏာအဖြစ် တပ်ဆင်အသုံးပြုသည်၊
- ကြက်ခြေနီ၊ လခြမ်းနီတို့နှင့် ဒုန်တွဲလျက်ရှိသော နာမည်ဂုဏ်နှင့် ကောင်းသတင်းကို အမြတ်ထုတ် အသုံးချရန်အလို့ငှာ ကုမ္ပဏီက မိမိ၏ထုတ်ကုန်ပေါ်တွင် သို့မဟုတ် ကြော်ငြာတွင် အမှတ်အသားကို ထည့်သွင်း အသုံးပြုသည်။

ၸင်းတို့အားလုံး မည်သူမျှ ဤသို့လုပ်ခွင့်မရှိပါ။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
ရာသေဂ်ဟလမ်း၊ ဒဂ္ဂိုကသီရိမြို့၊ ဖနဲ့ပြည်တော်၊
ဖုန်း - ၀၆၇၃၃၁၁၀၅၊ ၀၆၇၃၃၁၁၀၆
ဖက်(စ်) - ၀၁၃၈၆၆၈၃၊ ၀၆၇၃၃၁၁၀၆
အီးမေး(လ်) - khinmaunghla@redcross.org.mm
website-www.redcross.org.mm
Facebook: www.facebook.com/info.mrcs

International Federation
of Red Cross and Red Crescent Societies
အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း
အမှတ် (၄၂)၊ ပထမထပ်၊ ကမ်းများလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း/ဖက်(စ်) - ၀၁၃၀၃၆၈၂၊ ၃၀၃၆၈၄
website-www.ifrc.org

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ
၂(ဂ)၊ ၅၅ကျွာအေးဘုရားလမ်း၊ ၈ - ခိုင်း မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊
ဖုန်း - ၀၁၆၆၂၆၁၊ ၆၅၀၁၃၆၊ ၆၆၄၅၂၂၄
ဖက်(စ်) - ၀၁၆၅၀၁၁၃
အီးမေး(လ်) - yan_yangon@icrc.org
Facebook: www.facebook.com/ICRCmm

© ICRC, May 2017

Illustrations: E. Boero
၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၀၀၀၀) လူမှုကရုဏာလုပ်ငန်းဆိုင်ရာပြန်ကြားဆက်သွယ်ရေးဌာန

ကြက်ခြေနီနှင့် လခြမ်းနီ အမှတ်အသားများ

ဤအမှတ်အသားများ၏ အကာအကွယ်ပေးနိုင်စွမ်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယင်းတို့ကိုတလွဲအသုံးပြုခြင်းမှ ကာကွယ်တားဆီးခြင်း

International Federation
of Red Cross and Red Crescent Societies

ICRC

IN BRIEF

သင်သိပါသလား။

အကာအကွယ်ပေးသော အမှတ်အသား သုံးခု

လူအများစုမှာ ကြက်ခြေနီ၊ လခြမ်းနီအမှတ်အသားများနှင့် အကျွမ်းတဝင် ရှိကြပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ ပြည်သူများက မိမိတို့နိုင်ငံများရှိ အမျိုးသားကြက်ခြေနီသို့မဟုတ် လခြမ်းနီအသင်းများ၏ ရပ်ရွာလူထုအတွင်း ဆောင်ွက်လျက်ရှိသော လုပ်ငန်းများနှင့် အဓိကဆက်စပ်ကာ ယင်းအမှတ်အသားများကို နေ့စဉ်နှင့်အမျှ တွေ့မြင်နေကြရပြီးအများစုက ယင်းအမှတ်အသားများကို ရွေးနှုတ်ပြုစုရေး သို့မဟုတ် ဆေးဘက်ဆိုင်ရာ အသိုင်းအဝိုင်းများနှင့်တွဲ၍ မြင်တတ်ကြသော်လည်း များသောအားဖြင့် အမှတ်အသားများ၏ ရည်ရွယ်ချက်ကို ကောင်းစွာမသိရှိကြပါ။

ကြက်ခြေနီအမှတ်အသား၏ သက်တမ်းမှာ နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သည်။ စစ်မြေပြင်ရှိ ဒဏ်ရာရစစ်သည်များ၊ ဖျားနာစစ်သည်များနှင့် ယင်းတို့ကို စောင့်ရှောက်မှုပေးနေသော လက်နက်ကိုင်တပ်ဖွဲ့များမှ ဆရာဝန်များနှင့် သုနှပြုများကို အကာအကွယ်ပေးရန် ကြက်ခြေနီအမှတ်အသားကို ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် များမကြာမီ အခြံနီတိုအတွင်းမှာပင် တူညီသောရည်ရွယ်ချက်အတွက် လခြမ်းနီအမှတ်အသားကို အသုံးပြုလာခဲ့ကြပါသည်။ မကြာသေးမီကပင် ခရစ္စတယ်နီအမှတ်အသားကိုလည်း ထပ်မံ၍အတည်ပြု ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။

ကြက်ခြေနီ၊ လခြမ်းနီနှင့် ခရစ္စတယ်နီတို့သည် လက်နက်ကိုင်ပဋိပက္ခအတွင်း ဒဏ်ရာရရှိသူများ၊ ဖျားနာနေသူများနှင့် ထိုသူများကို စောင့်ရှောက်ပေးနေသူများကို အပြည်ပြည်ဆိုင်ရာဥပဒေက အကာအကွယ်ပေးထားကြောင်း ဖော်ပြသည့် သင်္ကေတအဖြစ် နိုင်ငံတကာက အသိုးဆုံး အသိအမှတ်ပြုထားသော အမှတ်အသားများဖြစ်ပါသည်။ ယင်းအမှတ်အသားများ၏ အဓိကတာဝန်မှာ လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆေးဝန်ထမ်းများကို အကာအကွယ်ပေးရန် ဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အရာဝတ္ထုတစ်ခုသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုနှင့် ဆက်စပ်မှုရှိကြောင်းကိုလည်း ဤအမှတ်အသားများက ပြသပါသည်။ ထို့အတူ ဤအမှတ်အသားများသည် ဤလှုပ်ရှားမှု၏ လွတ်လပ်ပြီး ကြားနေသော ခွဲခြားမှုမရှိသည့် အကူအညီကိုလည်း ကိုယ်စားပြုပါသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခခံစားနေရသူများကို အကာအကွယ်ပေးနိုင်ရန် အားလုံးက ဤအသက်ကယ်ဆယ်သော သင်္ကေတများကို သိရှိနားလည်ရန်လိုအပ်ပြီး ယုံကြည်မှုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ဤအမှတ်အသားများကို မှန်ကန်စွာ အသုံးပြုရန်နှင့် ဥပဒေအရ အသုံးပြုခွင့်ရှိသူများကသာ အသုံးပြုရန် အလွန်အရေးကြီးပါသည်။

Z.Zocherman/ICRC

အမှတ်အသားကို တလွဲအသုံးပြုခြင်းဆိုသည်မှာ အဘယ်နည်း။

ငြိမ်းချမ်းစဉ်ကာလ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခကာလတွင် ဤအမှတ်အသားများကို တရားဝင်အသုံးပြုခွင့် မရှိသူများက အသုံးပြုသည့်အခါဖြစ်စေ၊ ဤအမှတ်အသားများအပေါ် လေးစားမှု လျော့ပါးသွားစေနိုင်သည့် သို့မဟုတ် ရှုပ်ထွေးမှု ဖြစ်စေနိုင်သည့်နည်းလမ်းဖြင့် အသုံးပြုသည့်အခါဖြစ်စေ အမှတ်အသားကို တလွဲအသုံးပြုခြင်း ဖြစ်ပေါ်သည်။ တလွဲအသုံးပြုသည့် အဓိက ပုံစံနှစ်မျိုးမှာ -

ဆင်တူယိုးမှားတုပခြင်း

ပုံစံအရသည်းကောင်း၊ အရောင်အဆင်းအရသည်းကောင်း ကြက်ခြေနီ၊ လခြမ်းနီ၊ ခရေစွတယ်နီအမှတ်အသားတို့နှင့် ရောထွေးသွားစေလျှင် သင်္ကေတတစ်ခုခုကို အသုံးပြုခြင်း။

မလျော်မကန်အသုံးပြုခြင်း

ဤအမှတ်အသားကို အသုံးပြုခွင့်မရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက - ဥပမာ ၎င်းတို့အဖွဲ့အစည်းကို အမှတ်အသားပြုသည့် အမှတ်လက္ခဏာပေါ်တွင် သို့မဟုတ် အရာဝတ္ထုပေါ်တွင် ဤအမှတ်အသားကို အသုံးပြုခြင်းသည် မလျော်မကန် အသုံးပြုခြင်း ဖြစ်ပါသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ဆေးဘက်ဆိုင်ရာ ဌာနများ၊ ဆေးအရောင်းဆိုင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် အခြားသူများက ရဲဖန်ရဲခါ ဆိုသလို ထိုစည်းမျဉ်းများကို မသိရှိကြဘဲ ဤအမှတ်အသားကို မှားယွင်းစွာ အသုံးပြုကြပါသည်။

ဤအမှတ်အသားများကို အကာအကွယ်ပေးရန်နှင့် လေးစားကြစေရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။

ဤအမှတ်အသားများကို တလွဲအသုံးပြုခြင်းကြောင့် ယင်းအမှတ်အသားများ၏ အကာအကွယ်ပေးနိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် စစ်ပွဲတွင် ပါဝင်သော အဖွဲ့များနှင့် လက်နက်ကိုင်ဆောင်သူများက ယင်းအမှတ်အသားများ၏ ကိုယ်စားပြုမှုအပေါ် ယုံကြည်မှု ဆုံးရှုံးစေသောကြောင့် ဖြစ်ပါသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း သို့မဟုတ် ငြိမ်းချမ်းစဉ်ကာလတွင် ဤအမှတ်အသား၏ အဆင့်အတန်းကို လျော့ကျစေသောကြောင့် တလွဲအသုံးပြုခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲ ကာလများတွင် အကျအဆီလိုအပ်နေသူများနှင့် ရပ်ရွာလူထု၏ စစ်ဘက်ဆိုင်ရာဆေးဝန်ထမ်းများ၊ ကြက်ခြေနီဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များ၏ လုံခြုံဘေးကင်းစွာ သွားရောက်နိုင်မှုကိုလည်း ထိခိုက်စေနိုင် သို့မဟုတ် အဟန့်အတား ဖြစ်စေနိုင်ပါသည်။

ယင်းသို့သော အဓိကအခဲအခြေအနေမျိုးနှင့် ကြုံတွေ့ခြင်း မရှိသည့် နိုင်ငံများတွင်ပင် ပြည်သူများနှင့်ရပ်ရွာလူထုက ဤအမှတ်အသားများ၏ ရည်ရွယ်ချက်များကို နားလည် သဘောပေါက်စေရေးအတွက် အမှတ်အသားများကို မှန်ကန်စွာအသုံးပြုကြစေရန် အရေးကြီးပါသည်။ ပြည်တွင်း မငြိမ်သက်မှု သို့မဟုတ် ငတ္တုင်၊ ရေလွှမ်းမိုးမှုကဲ့သို့ သဘာဝဘေးအန္တရာယ် အပါအဝင် အရေးပေါ် အခြေအနေတစ်ရပ်ဖြစ်ပွားသည့်အခါ ထိခိုက်ခံစားရသည့် လူထု၏ လိုအပ်ချက်များအား တုံ့ပြန်ဆောင်ရွက်ပေးနေချိန်တွင် ဤအမှတ်အသားကို အသုံးပြုသည့် ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များသည် ဤအမှတ်အသားများ နှင့် ဒုန်တုလုက်ရှိသည့် တန်ဘိုးထားမှုများနှင့် အခြေခံမူများ ဖြစ်သော ကြားနေသည်၊ လွတ်လပ်သည်၊ ခွဲခြားမှု မရှိသည်သူများ ဖြစ်ကြောင်းကို အများပြည်သူသိရှိရန် လိုအပ်ပြီး ၎င်းတို့ကို လုံခြုံဘေးကင်းစွာ သွားရောက် လုပ်ကိုင်ခွင့်ပေးရန် လိုအပ်ပါသည်။

ဤအမှတ်အသားများကို တလွဲအသုံးပြုလျှင် မည်သို့ ဖြစ်နိုင်သနည်း။

ဤအမှတ်အသားများကို တလွဲအသုံးပြုခြင်းကြောင့် အဓိကအားဖြင့် အရေးပေါ်အခြေအနေများတွင် အကူအညီ အလိုအပ်ဆုံးသော သူများအတွက် ဒုံးရိုင်ဖွယ်ရာ အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါသည်။ ဤအမှတ် အသားများကို အသုံးပြုခွင့်မရှိသူများက အသုံးပြုပါက အသက်အန္တရာယ် ကျရောက်နိုင်သည်အထိ အဆိုးဆုံး အခြေအနေမျိုးကြုံတွေ့နိုင်ပါသည်။ အောက်ဖော်ပြပါ နမူနာများကို စဉ်းစားကြည့်ပါ -

နမူနာဖြစ်ရပ်များ

သင့်နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားလျက်ရှိသည်။ လူနေထူထပ်သောဒေသများကို အမြောက်များဖြင့် အကြီးအကျယ် ပစ်ခတ်လျက်ရှိသည်။ အမျိုးသား၊ အမျိုးသမီးနှင့်ကလေးများ ဒဏ်ရာရကာ နေအိမ်များ ပျက်စီးကြသည်။ ထိခိုက်ဒဏ်ရာရသူများကို စောင့် ရှောက်မှုပေးရန် ကြက်ခြေနီအမှတ်အသား အသုံးပြုထား သော ကုန်းပေါရေးလုပ်သားများ ရောက်ရှိလာကြသော်လည်း ၎င်းတို့အား စစ်ဆေးရေးတိုက်တွင် တားဆီးထားပြီး ထို့ဒေသအတွင်းသို့ ဝင်ရောက်ခွင့်မပြုချေ။ အကြောင်း ရင်းမှာ ပဋိပက္ခဖြစ်ပွားခိုက ဤအမှတ်အသားများကို ဆေးဘက်ဆိုင်ရာ အသိုင်းအဝိုင်းက လွတ်လပ်စွာ အသုံးပြုခဲ့ပြီး ပဋိလိကာကုမ္ပဏီများက စီးပွားရေးအကျိုး အမြတ် အတွက် ယင်းကိုအသုံးပြုခဲ့ကြသည်။ ထို့နောက် လက်နက် ကိုင်ပဋိပက္ခအတွင်း အချို့သောတိုက်ခိုက်ရေး သမားများက လက်နက်များနှင့် ခဲယမ်းမီးကျောက်များကို ကြက်ခြေနီ အမှတ်အသားပါရှိသော လူနာတင်ယာဉ်များကို အသုံးပြု၍ ဥပဒေမဲ့ သယ်ယူပို့ဆောင်ခြင်းများကိုလည်း မြင်လိုခဲ့ကြသည်။ ဤအမှတ် အသားများကို မည်သူကမျှ နားမလည် သို့မဟုတ် မယုံကြည်သောကြောင့် ဆေးဘက်ဆိုင်ရာ လုပ်သားများအား အကူအညီပေးရန် ခွင့်မပြုချေ။ ထို့အ တွက် ကြက်ခြေနီလှုပ်ရှားမှုလုပ်ငန်းများ ရပ်တန့်ကာ အသက်ပေါင်းများစွာ ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

သင့်ရွာတွင် တိုင်ဖွန်းမုန်တိုင်းကြီး တိုက်ခတ်သွားရာတွင် သင့်နေအိမ်မှာကိစ္စသွားသည်၊ သင့်မိသားစု ထိခိုက်ဒဏ်ရာ ရပြီး အကူအညီ အမြန်လိုအပ်နေသည်။ ကြက်ခြေနီ ရှေးဦးပြုစုသူများက အသက်ကယ်ဆယ်ရေး အကူအညီ ပေးရန် သင့်ရွာသို့လာသော်လည်း ၎င်းတို့တို့ ရွာထဲအဝင် မခံဘဲ တားဆီးပိတ်ဆို့ထားသည်။ မကြာသေးခင်က ပြုလုပ်သွားသော နွေကောက်ပွဲမဲ့ဆွယ်ရာ၌ ပါတီတစ်ခုက ကြက်ခြေနီနှင့် အနီးစပ်ဆုံးဆင်တူသော သင်္ကေတကို အသုံးပြုခဲ့သောကြောင့် ဒေသခံတာဝန်ရှိသူများက ဤအမှတ်အသားများကို နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ဆက် စပ်နေသည်ဟုဆို သံသယရှိနေကြသည်။ ကြက်ခြေနီ ကပေးသော စောင့်ရှောက်မှုသည် ကြားနေပြီးခွဲခြားမှု မရှိသည့်အကြောင်းကို ၎င်းတို့ နားမလည်ချေ။ ယခု ဖြစ်ရပ်တွင်လည်း သင့်မိသားစုမှာလိုအပ်နေသော စောင့် ရှောက်မှုကို မရရှိဘဲ ရွာရှိလူအများ သေလွန်မှုပေါ်း ဖြစ်ကြပြီးအသက်ပေါင်းများစွာ ဆုံးရှုံးသည်အထိ ဖြစ်နိုင် ပါသည်။

ဤအမှတ်အသားများကို အကာအကွယ်ပေးရန် သင် မည်ကဲ့သို့ ကူညီလုပ်ဆောင်ပေးနိုင်မည်နည်း။

ဤအမှတ်အသားများကို သတ်မှတ်ထားသည့်နည်းလမ်း များဖြင့်သာ အသုံးပြုရမည်။ ရှုပ်ထွေးမှု မရှိစေရန်နှင့် တလွဲအသုံးပြုမှုမရှိစေရေးအတွက် ကြီးတင်ကာကွယ် တားဆီးရန် အခြားသင့်တော်သည့် သင်္ကေတများကို သင်အသုံးပြုနိုင်ပါသည်။

ဥပမာအားဖြင့် လူနာတင်ယာဉ်များ၊ ဆေးရုံများ၊ ရှေးဦး ပြုစုရေးစခန်းများနှင့် ဆေးအရောင်းဆိုင်များကို ဖော်ပြ ရန် ဆေးဘက်ဆိုင်ရာ အသိုင်းအဝိုင်းသည် နိုင်ငံတကာ အသိအမှတ်ပြု အမှတ်လက္ခဏာများထဲမှ တစ်ခုကို အသုံးပြုနိုင်ပါသည်။

ဤအမှတ်အသားများကို အသုံးပြုခွင့်မရှိသည့် ပုဂ္ဂိုလ် များ သို့မဟုတ် အဖွဲ့အစည်းများက အသုံးပြုနေသည်ကို သင်မြင်တွေ့ပါက မည်သို့အရေးယူဆောင်ရွက်မည်ကို ဆုံးဖြတ်မည့် သင့်အမျိုးသားကြက်ခြေနီအသင်းထံသို့ အသိပေးနိုင်ဆော်ရပါမည်။ ဖြစ်ရပ်အများစုတွင် ဤအမှတ် အသားများကို တလွဲအသုံးပြုသူများသည် ဤအမှတ် အသားများ၏ ရည်ရွယ်ချက်နှင့် အသုံးပြုပုံတို့ကို မသိရှိ ကြသောကြောင့် ထိုသို့ အလွယ်တကူတလွဲ အသုံးပြု ကြခြင်း ဖြစ်သည်။

ဆေးရုံ

ဆေးဆိုင်

ရှေးဦးပြုစုခြင်း

လူနာတင်ယာဉ်